# ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)

**အစိုးရကျောင်း ကျောင်းသားမိဘများနှင့် ကလေးတာဝန်ယူသူများအတွက် သတင်းအချက်အလက်များ**

## ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)အကြောင်း

ဗစ်တိုးရီးယားအစိုးရသည် ဒေါ်လာ ၄၀၀ ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus) တစ်ကြိမ်ပေးခြင်းဖြင့် မိသားစုများအတွက် အနည်းငယ် ချောင်လည်လာစေရန် ပြုလုပ်ပေးနေပါသည်။

ဤပံ့ပိုးကူညီမှုသည် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်နှင့် စခန်းချပွဲများ၊ လေ့လာရေးခရီးများနှင့် အားကစားများကဲ့သို့ ကျောင်းကုန်ကျ စရိတ်များကို ကာမိစေရန် ကူညီပေးပါမည်။

ဤကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)သည် စခန်းချပွဲများ၊ အားကစားနှင့် လေ့လာရေး ရန်ပုံငွေ (CSEF) နှင့် ကျောင်းဝတ်စုံထောက်ပံ့ရေး အစီအစဉ်အတွက် လက်ရှိရရှိနေသောနှင့် ဆက်လက်ပေးနေမည့် အထောက်အပံ့များအပြင် ထပ်ဆောင်းပေးငွေ ဖြစ်ပါသည်။

ဤကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)အား ၂၀၂၄ ပညာသင်နှစ် နောက်ဆုံးသုံးလပိုင်းတွင် ကျောင်းများနှင့် မိသားစုများအား ပေးအပ်သွားပါမည်။

## ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus) ရရှိမည့်သူများ

ဤကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)အား ၂၀၂၅ ခုနှစ်အတွင်း ဗစ်တိုးရီးယားအစိုးရကျောင်းမှ မူကြိုမှ ၁၂ တန်းအထိ ကျောင်းသား မိဘများနှင့် ကလေးတာဝန်ယူသူများ ရရှိပါမည် (ကျောင်းလခအပြည့်ပေးနေသော နိုင်ငံခြားသားကျောင်းသားများ၊ အိမ်ကျောင်းတက် နေသည့် ကျောင်းသားများ၊ TAFE ကျောင်းသားများနှင့် ၂၀၂၅ ခုနှစ်တွင် မူကြိုတက်မည့် ကျောင်းသားများ မပါဝင်ပါ)။

## မိဘများနှင့် ကလေးတာဝန်ယူသူများ လုပ်ဆောင်ရန်

အထက်ဖော်ပြပါ ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ(School Saving Bonus) ရရှိမည့် ကလေးများ၏ မိဘများနှင့် ကလေးတာဝန်ယူသူများသည် **၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက်၊ သောကြာနေ့** နောက်ဆုံးထား၍ အောက်ပါတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

- **ကျောင်းအပ်ခြင်း ပြီးစီးရန်**

  သင့်ကလေး သို့မဟုတ် ကလေးများသည် ၂၀၂၅ ပညာသင်နှစ် ပထမသုံးလပိုင်းအတွက် အစိုးရကျောင်းကို ပြောင်းနေပါက သို့မဟုတ် ၂၀၂၅ ပညာသင်နှစ်တွင် သူငယ်တန်း သို့မဟုတ် ၇ တန်းကို စတက်ပါက ကျေးဇူးပြု၍ ကျောင်းအပ်ခြင်းကို ပြီးစီးအောင် ပြုလုပ်ပါ။ ပိုမိုသိရှိလိုပါက ကျောင်းအပ်ခြင်း အကြောင်းကို ဖတ်ပါ။

- **သင်၏ ဆက်သွယ်ရန်အချက်အလက်များကို စစ်ဆေးရန်**

  သင်၏ ဆက်သွယ်ရန်အချက်အလက်များကို သင့်ကျောင်းတွင် နောက်ဆုံးသတင်းပို့ထားကြောင်း သေချာပါစေ။ သင့်ကျောင်းကို တိုက်ရိုက်မေးမြန်း၍ ဤအကြောင်းကို စစ်ဆေးနိုင်ပါသည်။

## ဒေါ်လာ ၄၀၀ ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus) ကို အသုံးပြုခြင်း

ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ(School Saving Bonus)အတွက် သင် လျှောက်ထားရန် မလိုအပ်ပါ။

ပညာရေးဌာနသည် သင်၏ ဒေါ်လာ ၄၀၀ ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ(School Saving Bonus)ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် သင့်ထံ အီးမေးလ်ဖြင့် ပို့ပေးပါမည်။ ၎င်းကို အွန်လိုင်းမှတဆင့် အသုံးပြုနိုင်မည် ဖြစ်ပါသည်။

သင့်မိသားစု၏ လိုအပ်ချက်များအတွက် ဤကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ(School Saving Bonus)ကို သင ကောင်းသလို သင ဆုံးဖြတ်အသုံးပြုနိုင်ပါသည်။ အွန်လိုင်းတွင် ဒေါ်လာ ၄၀၀ ကို မည်သို့ခွဲဝေပေးမည်ကို သင်ရွေးချယ်နိုင်ပါသည်။

အပိုပေးငွေကို ၂၀၂၅ ခုနှစ်၊ ကျောင်းစရိတ်များအတွက် အသုံးပြုနိုင်ပြီး၊ အောက်ပါတို့ ပါဝင်နိုင်သည်-

- စခန်းချပွဲများ၊ ခရီးစဉ်များ၊ လေ့လာရေးခရီးများနှင့် ကျောင်းတွင်းအလုပ်များ
- ရေကူးနှင့် အားကစားအစီအစဉ်များ
- ပြင်ပပညာရေးအစီအစဉ်များ
- ကျောင်းဆင်းပွဲများ
- ကျောင်းဝတ်စုံများ
- ပြဋ္ဌာန်းစာအုပ်များ။

အပိုပေးငွေအား သင့်ကျောင်းအတွက် သတ်မှတ်ထားသော ကျောင်းသုံးစာအုပ် သို့မဟုတ် ကျောင်းဝတ်စုံ ရောင်းချသူများထံမှ ဝယ်ရာတွင် ဆိုင် သို့မဟုတ် အွန်လိုင်း သို့မဟုတ် ပြည်နယ်ကျောင်းများ ထောက်ပံ့ရေးအစီအစဉ်မှတစ်ဆင့် အသုံးပြုနိုင်ပါသည်။ ရောင်းချသူများစာရင်းတွင် ကျောင်းဝတ်စုံရောင်းသည့်ဆိုင် သို့မဟုတ် စာအုပ်ဆိုင်များ ပါဝင်နိုင်သည်။ ကျောင်းသုံးစာအုပ်နှင့် ကျောင်း ဝတ်စုံများအတွက် အသုံးပြုမည့်ငွေသည် ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ အကျုံးဝင်ပါသည်။ ထို့နောက် နောင်လာမည့် ဆောက်ရွက်မှု များအတွက် သင့်ကလေး၏ကျောင်းငွေစာရင်းသို့ လွှဲပြောင်းပေးမည် ဖြစ်ပါသည်။

ထောက်ပံ့ငွေအားလုံးကို ၂၀၂၅ ခုနှစ်တွင် ကုန်အောင်အသုံးမပြုခဲ့ပါက နောင်လာမည့်နှစ်များတွင် အသုံးပြုရန် ပေါင်းထည့်သွားပါမည်။

THE EDUCATION STATE

VICTORIA State Government | Department of Education

## ရနိုင်သော ကလေးတစ်ဦးထက်ပိုရှိသော မိသားစုများ

တစ်ကျောင်းတည်းတွင် ကလေးတစ်ဦးထက်ပိုရှိသော မိသားစုများသည် ကလေးတစ်ဦးအတွက် သို့မဟုတ် ဆောင်ရွက်မှုတစ်ခုအတွက် အသုံးပြုရန် ၎င်းတို့၏ ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)များကို ပေါင်းသုံးနိုင်ပါသည်။ ထို့ကြောင့် ဥပမာအားဖြင့်၊ အစိုးရကျောင်း ကျောင်းသား ၃ ယောက်ရှိသော မိသားစုသည် ဒေါ်လာ ၁၂၀၀ ပံ့ပိုးကူညီမှုကို ရရှိမည်ဖြစ်ပြီး ထိုငွေများကို မည်သို့သုံးစွဲမည်ကို ရွေးချယ် နိုင်ပါသည်။ ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)များကို ကျောင်းမတူညီပါက ပေါင်းသုံး၍ မရပါ။

## နောက်ထပ်အကြောင်းအချက်များ

ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)အကြောင်းပိုမိုလေ့လာရန် vic.gov.au/school-saving-bonus တွင် ဝင်ရောက်ကြည့်ရှုပါ။ လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း ဘာသာပြန်အကြောင်းအချက်များကို ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေဝဘ်ဆိုက်တွင်လည်း ရရှိနိုင်ပါသည်။

© ဗစ်တိုးရီးယားပြည်နယ် (ပညာရေး ဌာန) ၂၀၂၄ ခုနှစ်။ အခြားနည်း သတ်မှတ်ထားသည့် ကိစ္စမှလွဲ၍၊ ဤစာမှတ်စာတမ်းပါ ရေးသားချက်များကို စာရွက်စာတမ်း ဝေမျှဖလှယ်ခွင့်ရှိသည့် လိုင်စင် (Creative Commons Attribution 4.0 International) အရ ရေးသားပြုစုထားသည်။ မူပိုင်ခွင့် ကြေညာချက်အပြည့်အစုံကို စိစစ်ပါ။